# လွတ်လပ်ရေး အဟောင်းဆိုင်

ခွေးကိုကိုက်သူ ခွေးနဲ့တူ
ကိုက်သူလဲခွေး ခွေးလဲခွေး.....တဲ့
ခွေးရူးကို ဖက်ကိုက်တော့
ခွေးကောင်း နားရွက်ပျက်.....သတဲ့
ဘုရားရှင်တောင်
တခါတရံ မတင့်တယ်တဲ့စိတ် ဖြစ်တယ်ဆိုတာ
မိုးကုတ်စက်ဝိုင်းကြီးအောက်က
အချို့အချို့သော သူတွေ သိမှ သိပါလေစ..........

Rensselaer မှတ်တမ်းလို့ပဲ ပြောပြော
ကာရံမဲ့မိုးများလို့ပဲ ဆိုဆို
နမ်းတလုံးနဲ့ ဆီမဖြစ်ပေမဲ့
တခေါက်သာတုန်း တခါသောက်မိလို့
သမားဂုဏ်အမြောက်ခံလိုက်ရတဲ့
လူတစ်ယောက်ရဲ့ရာဇဝင်မှာ
သူ့ခြံထဲကပန်း ကိုယ်မနမ်းမိလို့လဲ
တရားခံဖြစ်ခဲ့ဘူးတယ်............

ကိုယ့်ခြံထဲကပန်း ကိုယ်နမ်းမိလို့လဲ
ရာဇဝတ်မှုမြောက်ခဲ့ဘူးတယ်..........

ကြိုးစားလို့လဲ ကျားဆိုးအထင်ခံရတာ
ဒါ.........ပထမဆုံးပဲ........

ပက်လက်လှန်ပြီး ကဆုန်ပေါက်နေတဲ့
လိပ်တကောင်လို
Technical မဲ့ Knowledge မဲ့တဲ့
ပညာရှင်အချို့ရဲ့
လျှာဖျားပေါ်မှာ စီးမျောဘူးတယ်..........

မိုးထက်ညံ ပရမတ်ပြန်
ဆံတိုကြီးတယောက်ရဲ့ အရိပ်အောက်မှာလည်း
နေလောင်ဒဏ်သင့်ခဲ့ဘူးတယ်..........

ဒီမိုကရေစီကို ခါးပိုက် ပိုက်ပြီး
ထောက်လှန်းရေးကြောက်တဲ့ ရောဂါသည်တစ်ယောက်ရဲ့
ခြိမ်းခြောက်မှုကြောင့်လည်း
အသက်ရှူ သုံးခါရပ်တန့်ဘူးတယ်..........

လူဆုံတိုင်းငါ့သိက္ခာကိုအစိမ်းလိုက် ဝါးစားဖို့ချောင်းနေတဲ့
ရွှေအိုရောင် ကြက်တူရွေးကြီး...............

အမေရိကန် က Force Labor
ဂျိုးဖြူမနဲ့ ရည်းစားထားတဲ့
ခပ်ရင့်ရင့်လိမ္မော်သီးကြီးတစ်လုံး
ပြီးတော့........

ရွာလေးတရွာက
Service မဲ့ Media များ
ရှိစေတော့.....ရှိစေတော့ ဆိုပြီး
အားလုံးကို ဂုတ်သက်ချော့သိပ်ရင်း
သင်္ခါရအဖြစ် နမ်းရှိုက်ခဲ့တာ
မနေ့ကအထိ ရက်ပေါင်း သုံးရာကျော်ခဲ့ပြီပဲ.........

ဒီလိုနဲ့ .......
နေ့ပေါင်းများစွာကို ကျော်ခွ
ကိုယ့်ကိုယ်ကိုလည်းချော့သိပ်
အတွေးစိတ်တွေကို ဘေးချိတ်
ဆေးလိပ်နဲ့ မေးအိပ်ရင်း
လေပြေလေးတချက် ဝေ့မယမ်းမချင်းတော့
သည်းခံခြင်းနဲ့ Phone တလုံးကို
Remix လုပ်ပြီး
အသက်ဆက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ။

နန်းရှင်

မှတ်ချက်။ ။ ဘုရားရှင်၏ ရယ်ရွှင်ခြင်း တည်းဟူသော ဟသိတုပ္ပါဒ် စိတ်သည် မတင့်တယ်ခြင်းတည်းဟူသော အသောဘနစိတ် (၃၀) တွင်ပါဝင်သည်။